# A Investment Public Company Limited

## ဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာမူဝါဒ

## (Income Tax Payment Policy)

### ရည်ရွယ်ချက်

- အခွန်ထမ်းဝန်ထမ်းများအနေဖြင့် လစာဝင်ငွေခွန်ပေးဆောင်ရာတွင် သိရှိလိုက်နာရမည့်လုပ်ငန်းစဉ်များအား သိရှိနားလည်ပြီး ရှင်းလင်းလွယ်ကူစွာ ပေးဆောင်နိုင်ရန်။

### လစာ

- လစာဟုဆိုရာတွင် အလုပ်ရှင်ထံမှ ရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား ရရှိသည့် အခကြေးငွေ သို့မဟုတ် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်ခ အားလုံး အကျုံးဝင်ပါသည်။

### လစာဝင်ငွေခွန်ပေးဆောင်ရမည့်သူ

- နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် (၄၈)သိန်းအထက် ရရှိသည့် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများ၊
- ပြည်တွင်းမှ လစာဝင်ငွေရရှိသည့် ပြည်ပနေနိုင်ငံခြားသား၊

### လစာဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိသူများ

- နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် (၄၈) သိန်းအထိသာ ရရှိသည့် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများ၊
- ပြည်ပတွင်နိုင်ငံခြားငွေဖြင့် လစာရရှိသော ပြည်ပနေနိုင်ငံသား၊

### ပေးသွင်းရမည့် ငွေကြေးအမျိုးအစား

- ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း လစာဝင်ငွေခွန် ပေးဆောင်ရပါမည်။

AIP - Confidential

## အခွန်ပေးသွင်းခြင်း (Payment)

- လစာဝင်ငွေရရှိသူအတွက် လစဉ်လစာဝင်ငွေခွန်ကို အလုပ်ရှင်/ ရုံးဌာနအကြီးအကဲ/ ကုမ္ပဏီ မန်နေဂျာတို့က လစာမှဖြတ်တောက်၍ လစဉ်ပေးသွင်းရပါမည်။

## ကင်းလွတ်ခွင့် ( Exemption )

| အကြောင်းအရာ | ညွှန်း |
|---|---|
| နှစ်တစ်နှစ်အတွက် လစာဝင်ငွေ (၄၈) သိန်းထိ ဝင်ငွေခွန် ကင်းလွတ်ပါသည်။ | ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉(က) |

## သက်သာခွင့် (Relief)

- ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ အောက်ပါသက်သာခွင့်များ ရရှိပါသည်-

| စဉ် | အကြောင်းအရာ | သက်သာခွင့်ပမာဏ သတ်မှတ်ချက် |
|---|---|---|
| ၁ | အခြေခံသက်သာခွင့် | စုစုပေါင်းဝင်ငွေ၏ ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။ |
| ၂ | အတူနေမိဘ (၁) ဦးလျှင် | ကျပ် ၁၀ သိန်းစီ |
| ၃ | အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် သက်သာခွင့် | ကျပ် ၁၀ သိန်း |
| ၄ | သားသမီး (၁) ဦးလျှင် | ကျပ် ၁၀ သိန်းစီ |
| ၅ | အသက်အာမခံအတွက် ပေးသွင်းသည့်ပရီမီယံ | အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက် |
| ၆ | လူမှုဖူလုံရေးရန်ပုံငွေသို့အမှန်ထည့်ဝင်ငွေ | အခွန်ထမ်းအတွက်သာ |

- တစ်ဦးချင်းပုဂ္ဂိုလ်(ပြည်ပနေနိုင်ငံခြားသား)များအနေဖြင့် အထက်ပါသက်သာခွင့်များ မရရှိပါ။ (၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ (၂၄))

## ပြန်အမ်းငွေတောင်းပိုင်ခွင့် ( Refund )

- နှစ်အတွင်းပေးဆောင်ခဲ့သောအခွန်သည် ဥပဒေအရ အမှန်ပေးဆောင်ရမည့် အခွန်ထက်ပိုနေလျှင် အထောက်အထားပြသ၍ ပြန်အမ်းငွေ လျှောက်ထားနိုင်သည်။ (သို့မဟုတ်) ပေးဆောင်ရမည့်အခွန်တွင် ခုနှိမ်ပေးရန် (သို့မဟုတ်) ဝင်ငွေနှစ်အတွင်းပေးသွင်းသည့် ကြိုတင်ခွန်အဖြစ် သတ်မှတ်ပေးရန် တင်ပြနိုင်သည်။



AIP - Confidential

## အခွန်ကျသင့်ခြင်းနှင့် အခွန်တွက်ချက်ခန့်မှန်းခြင်း ( Taxation & calculation )

### လစာဝင်ငွေခွန် တွက်ချက်ခြင်း

- ပြည်တွင်းနေနိုင်ငံသားဖြစ်လျှင် နှစ်တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းလစာဝင်ငွေမှ သက်သာခွင့်များနှုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ကျသင့်ဝင်ငွေခွန် တွက်ချက်ရမည့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက သက်သာခွင့်များ နှုတ်ပယ်ရန် မလိုအပ်ပါ။)-

| စဉ် | စည်းကြပ်ရန် ဝင်ငွေအလွှာ (ကျပ်) | | စည်းကြပ်ရန် ဝင်ငွေနှုန်း |
|---|---|---|---|
| | မှ | ထိ | |
| (၁) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

- နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် (၄၈)သိန်း အထက်ရရှိပါက အဆိုပါ စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များကိုနှုတ်ပယ်ပြီးနောက် ကျန်ငွေအပေါ် အောက်ပါဝင်ငွေအလွှာ လိုက်နှုန်းထား အတိုင်း ဝင်ငွေခွန်ကျသင့်ပါမည်။ (၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပုဒ်မ၁၉ (ဂ))

AIP - Confidential